ကရင်နီပြည်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အစီအမံဆိုင်ရာ ညွှန်ကြားချက်

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၁၂) ရက်

၁။ ကရင်နီပြည်အတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု၊ သယ်ဆောင်မှု၊ ရောင်းဝယ်ဖောက်ကားမှုနှင့် မူးယစ်ဆေးဝါးကုန်ကြမ်း ထုတ်လုပ်မှုများ မြင့်တက်လာခြင်းသည် ဒေသတွင်း တရားဥပဒေစိုးမိုးရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးနှင့် လူငယ်လူရွယ်များ၏ အနာဂတ်အတွက် ကြီးမားသော ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်သည်ကို မလွဲမသွေလက်ခံရမည်ဖြစ်သည်။

၂။ ပြည်သူ့ကျန်းမာရေး၊ လူ့အခွင့်အရေး၊ တရားမျှတမှုနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဦးစားပေးသည့် လုပ်ငန်းစီမံချက်များ ချမှတ်ဆောင်ရွက်ရန် လိုအပ်သည်။ ထို့အပြင် ကရင်နီပြည်အတွင်း မူးယစ်ဆေးဝါးဆိုင်ရာ ထုတ်လုပ်ဖြန့်ဖြူးမှု၊ ရောင်းဝယ်ဖောက်ကားမှုနှင့် သုံးစွဲမှုတို့ကို ထိရောက်စွာ တားဆီးကာကွယ်လျှော့ချရန်၊ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များနှင့် နောက်ဆက်တွဲဆိုးကျိုးများကို လျှော့ချရန်၊ သက်ဆိုင်ရာ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်၍ မူးယစ်ဆေးဝါးဆိုင်ရာ ပြဿနာများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည်။

၃။ ထို့အပြင် ကရင်နီပြည်သူလူထု၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုနှင့် လုံခြုံအေးချမ်းသော လူမှုပတ်ဝန်းကျင်တစ်ရပ် တည်ဆောက်နိုင်ရေးအတွက်လည်း မူးယစ်ဆေးဝါးအန္တရာယ်ကို အလေးအနက်ထား ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သည်။

၄။ လက်ရှိတော်လှန်ရေးကာလအတွင်း ပြည်သူလူထု၏ ထောက်ခံမှုဖြင့် စတင်ဆောင်ရွက်ခဲ့သည် ဖြစ်သည့်အလျောက် မူးယစ်ဆေးဝါးအန္တရာယ်ကို ပြည်သူလူထု၏ ယုံကြည်မှုနှင့် စိတ်ကျေနပ်မှု ရရှိသည်အထိ ပူးပေါင်းဖြေရှင်း ဆောင်ရွက်ရန် တာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်ရမည်ဖြစ်သည်။

၅။ သို့ဖြစ်ပါ၍ ကာကွယ်ရေးဌာန၊ ကရင်နီ တပ်ပေါင်းစုံစစ်ဦးစီးအဖွဲ့ နှင့် ကရင်နီပြည်ရဲဌာနတို့သည် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ်ကို ထိရောက်စွာ တားဆီးကာကွယ် ထိန်းချုပ်နိုင်ရန် အောက်ပါ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအစီအမံဆိုင်ရာ ညွှန်ကြားချက်ကို သဘောတူညီထုတ်ပြန်ကြေညာလိုက်သည် -

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအစီအမံ

(က) ကရင်နီပြည်အတွင်း မူးယစ်ဆေးဝါးများ ဝင်ရောက်လာနိုင်သည့် လမ်းကြောင်းများနှင့်နယ်စပ်၊ နယ်နိမိတ်အသီးသီးတွင် သက်ဆိုင်ရာ ရဲဌာန၊ အုပ်ချုပ်ရေးအဖွဲ့၊ ပူးပေါင်းတပ်ဖွဲ့များနှင့် ပူးပေါင်းစစ်ဆေးရေးဂိတ်များ (Joint Check Points) ဖြင့် စိစစ်ရှာဖွေခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းများ၊ အသေးစိတ် စစ်ဆေးခြင်းများနှင့် မူးယစ်ဆေးဝါးချက်လုပ်သည့် စက်ရုံ/စခန်း/နေရာများကို ပူးပေါင်းတပ်ဖွဲ့မှ ဝင်ရောက်ရှာဖွေဖမ်းဆီးခြင်း၊ ဆက်စပ် သက်သေခံပစ္စည်းများ သိမ်းဆည်းခြင်းနှင့် ပါဝင်ပတ်သက်သူများကို ဖမ်းဆီးထိန်းသိမ်းခြင်းများ စသည့် လုပ်ငန်းစဉ်များကို ထိရောက်စွာဆောင်ရွက် သွားမည်ဖြစ်သည်။

(ခ) မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ လွှဲပြောင်းပေးပို့ခြင်း သို့မဟုတ် လက်သင့်ခံခြင်းတို့တွင် ပါဝင်ပတ်သက်သူ မည်သူ့ကိုမဆို မိမိတို့၏ အဖွဲ့အစည်း၊

ရာထူးနှင့် အဆင့်အတန်းမခွဲခြားဘဲ ကရင်နီပြည်ကြားကာလ မူးယစ်ဆေးဝါးဆိုင်ရာမူဝါဒ၊ ရှိရင်းစွဲဥပဒေများ နှင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်သည်။

(ဂ) တော်လှန်ရေးလက်နက်ကိုင်အဖွဲ့အစည်းများ၏ တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များအနေဖြင့် မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ သုံးစွဲမှုတို့တွင် ကိုယ်တိုင်ပါဝင်ခြင်း သို့မဟုတ် မူးယစ်ဆေးဝါးရောင်းဝယ်သူများအား နောက်ကွယ်မှ အကာအကွယ်ပေးခြင်း၊ ထောက်ပံ့ကူညီခြင်း စသည့် ပါဝင်ပတ်သက်မှုတစ်စုံတစ်ရာရှိကြောင်း စိစစ်တွေ့ရှိပါက သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တပ်ဖွဲ့ သို့မဟုတ် ဌာနမှ ထုတ်ပယ်ခြင်းအပါအဝင် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

(ဃ) ပြည်သူလူထုအနေဖြင့် မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးနှင့် နှိမ်နင်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ခြင်းအားဖြင့် မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ၊ မသက်ဝင်ဖွယ်ရာ လှုပ်ရှားမှုများကို နီးစပ်ရာ ရဲစခန်းများနှင့် အုပ်ချုပ်ရေးအဖွဲ့များထံ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ပါသည်။ သတင်းပေးပို့သူများ၏ ကိုယ်ရေးအချက်အလက်နှင့် လုံခြုံရေးကို လျှို့ဝှက်ထိန်းသိမ်းပေးမည်ဖြစ်ပြီး ယုံကြည်စိတ်ချရ၍ အထောက်အထားပြည့်စုံသော သတင်းပေးပို့မှုများအပေါ် သင့်လျော်သည့် အသိအမှတ်ပြုနှင့် ဂုဏ်ပြုမှုများကို လုပ်ဆောင်မည်ဖြစ်သည်။

(င) ဤမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအစီအမံဆိုင်ရာ ညွှန်ကြားချက်သည် ကရင်နီပြည်တစ်ခုလုံးကို လွှမ်းခြုံသက်ရောက်သည်။ လိုအပ်ချက်အရနှင့် အခြေအနေများအပေါ် မူတည်၍ ဒေသအလိုက် အထူးအစီအမံများဖြင့်လည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ
၁။ ကာကွယ်ရေးဌာန
၂။ ကရင်နီပြည်ရဲဌာန (KSP)

ကရင်နီတပ်ပေါင်းစုံစစ်ဦးစီးအဖွဲ့
၁။ ကရင်နီပြည်တပ်မတော် (KA)
၂။ ကရင်နီပြည် ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (KPLA)
၃။ ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ (KNPDP)
၄။ ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့ (KNSO)
၅။ ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF)
၆။ ပြည်သူ့ကာကွယ်ရေးတပ်-ဒီးမော့ဆို (DMO-Local PDF)